# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ

## ဒုတိယသမ္မတ  ဒူဝါ လရှီးလက ကချင်ဒေသအတွင်း တကျော့ပြန်စစ်ပွဲဖြစ်ခြင်း (၁၀)နှစ်ပြည့် ကျင်းပသည့် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

## ၂၀၂၁ ခုနှစ်၊ ဇွန်လ (၉) ရက်

**ချစ်ခင်လေးစားအပ်ပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူများ ခင်ဗျား။**

၂၀၂၁ ခုနှစ် ဇွန်လ (၉) ရက်နေ့သည် ကချင်ဒေသအတွင်း နေထိုင်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများ အတွက် သတိရအောက်မေ့ဖွယ် နေ့ရက် တစ်ရက်ဖြစ်ပါသည်။ ယနေ့သည် ငြိမ်းချမ်းစွာနေထိုင်လိုသည့် ကချင်အမျိုးသားများကို အာဏာရှင် မင်းအောင်လှိုင် ဦးဆောင်သော စစ်တပ်မှ ထိုးစစ်ဆင်ကာ  စစ်ပွဲပြန်လည် ဖြစ်ပွားခဲ့သည် မှာ ၁၀ နှစ် ၁၀ မိုး သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ပါသည်။

ထိုကာလများကို ကြံ့ကြံ့ခံရင်ဆိုင်လာကြသော ကချင်တိုင်းရင်းသားများနှင့်တကွ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း၊ ဘေးအန္တရာယ် အပေါင်းမှ အမြန်ဆုံး ကင်းဝေးကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။ ထိုအဖြစ်အပျက်များကို အစဉ်အမြဲ သတိရလျက် အထိမ်းအမှတ် အခမ်းအနားဖြစ်မြောက်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြသော စီစဉ်သူများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ကေအိုင်အို ခေါင်းဆောင်ကြီးများနှင့် ကချင်အမျိုးသားခေါင်းဆောင်များ၏ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ တို့ဖြင့် ကြိုးပမ်းမှုကြောင့် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် စစ်အစိုးရနှင့် ငြိမ်းချမ်းရေး လက်မှတ် ရေးထိုး နိုင်ခဲ့ကြပါသည်။ အကျိုးဆက်အဖြစ် (၁၇) နှစ်တိုင် ကချင်ဒေသတွင် ပြည်သူလူထုအားလုံး ငြိမ်းချမ်းစွာ နေထိုင်ခဲ့ကြရပါသည်။

သို့သော် အာဏာရှင်စစ်အစိုးရမှ ၂၀၁၁ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့တွင် ကချင်ပြည်နယ် “ဆန်ဂန်” ရှိ ကေအိုင်အေ တပ်စခန်းကို ရုတ်တရက်ဝင်စီးခဲ့ပြီး ဒု-တပ်ကြပ် ဂမော်ချန်းယိမ်းကို ရက်စက်ကြမ်းကြုတ် လူမဆန် စွာ သတ်ဖြတ်ခဲ့ရာမှ (၁၇) နှစ်ကြာ ငြိမ်းချမ်းရေးသဘောတူညီမှု ပျက်ပြားခဲ့ရပြီး ကချင်ပြည်နယ်တွင် တကျော့ပြန် စစ်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ပါသည်။

တကျော့ပြန်စစ်ပွဲများကြောင့် ကချင်ပြည်သူလူထု တစ်သိန်းနှစ်သောင်းကျော် နေရပ်စွန့်ခွာခဲ့ရပြီး စစ်ရှောင်စခန်းများတွင် ဒုက္ခဆင်းရဲ အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ခံစားနေကြရပါသည်။ ကလေးသူငယ်ပေါင်း မြောက်များစွာ၏ ပညာသင်ကြားခွင့်များ နစ်နာဆုံးရှုံးခြင်း၊ လူငယ်မောင်မယ်မြောက်များစွာ အနာဂတ်မဲ့ကာ မြန်မာနိုင်ငံနှင့်နယ်နမိတ်ချင်းထိစပ်သော နယ်စပ်ဒေသများတွင် မိသားစုစားဝတ်နေရေးအတွက် ဆင်းရဲပင်ပန်း ကြီးစွာ ဘဝကို ခါးသီးစွာ ရုန်းကန်နေသည်မှာ ယနေ့ထိတိုင် စိတ်မကောင်းဖွယ် တွေ့မြင်နေရပါသည်။ အာဏာရှင်

စစ်တပ်၏ အကြမ်းဖက် ထိုးစစ်ဆင်မှုကြောင့် အပြစ်မဲ့ပြည်သူမြောက်များစွာ အသက်ဆုံးရှုံးခဲ့ရပြီး အမျိုးသမီးများစွာလည်း မုဒိမ်းကျင့်သတ်ဖြတ်မှုများကို မှတ်တမ်းသက်သေများနှင့်တကွ တွေ့ရှိရပါသည်။ အပြစ်မဲ့ရွာသားများကို စစ်တပ်မှ အကြောင်းအမျိုးမျိုးဖြင့် မတရားဖမ်းဆီး နှိပ်စက်အကျည်းချထားခြင်းများ ပြုလုပ်ပြီး ပြည်သူများ အနှစ်နှစ်အမိုးမိုး စုဆောင်းကာ တည်ဆောက်ထားသည့် နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် အိမ်ပေါင်း မရေတွက်နိုင်လောက်သည့်အထိ ဆုံးရှုံးပျက်စီးခဲ့ရပါသည်။ ဆယ်စုနှစ်ကာလအတွင်း ကျေးရွာပေါင်းမြောက်များစွာ လူသူ ကင်းမဲ့၊ တိတ်ဆိတ်ပျက်စီးခဲ့ရပါသည်။

ထိုသည်သာမက ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ဆောင်နေစဉ်ကာလအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ စစ်အာဏာရှင် မင်းအောင်လှိုင်မှ နိုင်ငံတော်အာဏာကို မတရားသိမ်းယူခဲ့ပြီး ပြည်သူများကို နေ့စဉ်နှင့်အမျှ အကြမ်းဖက်မှုနည်းမျိုးစုံဖြင့် နှိပ်စက်သတ်ဖြတ်မှုများ ပြုလုပ်လျက်ရှိပါသည်။ ထို့အတူ သယံဇာတပေါများကြွယ်ဝပြီး သာယာလှပသော ကချင်ပြည်နယ်တွင်လည်း ပြည်သူများအနေဖြင့် လက်နက်ကိုင် ပဋိပက္ခများကြောင့် နှစ်ပေါင်း ရှည်ကြာစွာ တည်ငြိမ်အေးချမ်းမှုနှင့် ကင်းဝေးနေခဲ့ရပါသည်။ ယခုအခါ ကချင်အမျိုးသားများ၏ ကံကြမ္မာသည် “နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း” ဆိုသကဲ့သို့ ပိုမိုခက်ခဲသော လူမှုဘဝ မလုံခြုံမှုများ၊ ရက်စက်မှုများကို ထပ်လောင်းခံစားရပြန်ပါသည်။ ထို့ကြောင့် ကချင်အမျိုးသားများနှင့် အတူ ချင်း၊ ကယား (ကရင်နီ)၊ ကရင်၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် ညီအစ်ကိုတိုင်းရင်းသားအားလုံး မခံမရပ်နိုင်ကာ စစ်တပ်၏ အာဏာသိမ်းမှုကို မလိုလားကြောင်း စုပေါင်းဆန္ဒထုတ်ဖော်လာခဲ့ကြပါသည်။ သို့သော် အာဏာရှင်မင်းအောင်လှိုင် ၏ စစ်ကောင်စီသည် ပြည်သူ့များ၏ အသံကို လျစ်လျူရှုလျက် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သည့် ပြည်သူများအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သဖြင့် ယနေ့အထိ သေဆုံးသူပေါင်း (၈၅၀)ကျော် နှင့် မတရားအစွမ ဖမ်းဆီးခံရသူ ပေါင်း (၄၆၀၀) ကျော် ရှိခဲ့ပြီဖြစ်ပါသည်။

၂၀၂၁ ခုနှစ် ဧပြီလ (၁၆) ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၊ CDM အာဏာဖီဆန်လှုပ်ရှားမှုအဖွဲ့များ၊ စစ်တပ်နှင့် ပူပေါင်းခြင်းမပြုသည့်နိုင်ငံရေးပါတီများ ပါဝင်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းခဲ့ပါသည်။ အမျိုးသားလွှတ်တော်ကိုယ်စားပြုကောင်မတီ (CRPH) အနေဖြင့်လည်း စစ်အာဏာရှင်စစ်တပ်၏ ပင်မကျောရိုးဖြစ်သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဖျက်သိမ်းခဲ့ပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည်လည်း အကြမ်းဖက် အာဏာရှင်စစ်တပ်ကို အမိမြန်မာ့မြေပေါ်မှ ဖျက်သိမ်း တွန်းလှန်နိုင်ရေးကို အဓိကထား လုပ်ဆောင်နေပြီဖြစ်ပါသည်။ **အာဏာရှင်စနစ် ပျက်သုဉ်းရေးအတွက် မူဝါဒရေးရာများ၊ မဟာဗျူဟာများ၊ ဒီမိုကရေစီကို လိုလားသည့် နိုင်ငံတကာ အသိုင်းအဝိုင်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ၊ ပြည်တွင်း/ပြည်ပမှ တိုင်းရင်းသား ပြည်သူလူထုများ၏ စုပေါင်းအင်အားများ စသည့် အင်အားစုများဖြင့် အဖက်ဖက်မှ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။** အာဏာရှင်တော်လှန်ရေးခရီးတွင် ကချင်လူထုက လေးစားအားကိုးသည့် KIO အနေဖြင့်လည်း လူထုတရပ်လုံးနှင့်အတူ ရပ်တည်၍ တမျိုးသားလုံး စည်းလုံးညီညွတ်မှုကို ရှေ့ရှုလျက် အမှန်တရားဘက် ရပ်တည်ခဲ့ပြီးဖြစ်ပါသည်။ ကချင်အမျိုးသားများအပေါ် ကျရောက်နေသည့် အရိပ်မဲကွယ်ပျောက်ကာ စစ်မှန်သောငြိမ်းချမ်းရေး အလင်းသို့ မြေကြီးလက်ခက်မလွဲ ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းကောင်းပါး ပြောကြားလိုပါသည်။

ထို့ကြောင့် အမှောင်ကာလကို အတူကတွကျော်ဖြတ်ပြီးနောက် အလင်းခေတ်သည် ကျွန်ုပ်တို့ လက်တစ်ကမ်းသို့ ရောက်ရှိကျရောက်လာတော့မည်ဖြစ်ပါသည်။ ယခုအခါ အမျိုးသားညီညွတ်ရေးအစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အာဏာရှင်စနစ်ကို လုံးဝဥဿုံ ဖျက်သိမ်းပြီးသကာလ ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ဆောက်နေချိန်၌ **ကချင်ဒေသအတွင်းရှိ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ**

**အားလုံးအနေဖြင့် ခိုင်မာသော စိတ်ဓာတ်၊ မလျော့သော ကြိုးပမ်းမှုများ၊ စည်းလုံးညီညွတ်မှုများဖြင့် အတူတကွလက်တွဲ၍ ဆက်လက်ပိုင်းဝန်းပါဝင်ပေးကြပါရန်** အထူးတိုက်တွန်း အားပေးလျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

အရေးတော်ပုံအောင်ရမည်။

ဒူဝါလရှီးလ

ဒုတိယသမ္မတ

အမျိုးသားညီညွတ်ရေးအစိုးရ (NUG)